# Minutes of Myanmar Language Information Management Network Meeting
*27th August 2025, 2PM MMT, online via Zoom*

## Agenda

1. Presentation – A Generation in Motion (Understanding the Realities of Myanmar's Youth) (UNDP)
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: Alliance, BS, Burnet, CBC, CESVI, ER Cluster, FAO, GNI, ICAP, ICRC, IRC, JOICFP, NAG, NRC, Nyein(Shalom), PPWT, PLAN, SARA, SWISS, UN-Habitat, UNDP, UNODC, UNRCO, WHO, WVM

(27 participants from 24 organisations)

## ၁။ **A Generation in Motion** (Understanding the Realities of Myanmar's Youth) **(MDO/UNDP)**

Presenters – Sane Lei Nwe, Research Analyst, UNDP

Myanmar Youth Survey (MYS) ကို ၂၀၂၄ တွင် ပြုလုပ်ခဲ့ပြီး မြန်မာပြည် စုစုပေါင်းလူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များအား ဦးတည်ထားကာ အချက်အလက်ကောက်ယူခဲ့ပါသည်။ Survey ၏ ရည်ရွယ်ချက်မှာ ၂၀၂၁ ခုနှစ်နောက်ပိုင်း လူငယ်များ ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနှင့် လူငယ်များ မိမိနိုင်ငံအပေါ် အမြင်ကို လေ့လာသုံးသပ်ရန်ဖြစ်ပါသည်။ ယင်း survey သည် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ အသက် ၁၈ နှစ်မှ ၃၅ အတွင်းရှိ လူငယ်ပေါင်း ၇၁၈၇ ကို တယ်လီဖုန်းဖြင့် အချက်အလက် ကောက်ယူခဲ့ခြင်း ဖြစ်ပြီး Focus Group Discussion (FGDs) ၃၃ ခုကို မြန်မာနှင့် ထိုင်းနိုင်ငံတွင် ပြုလုပ်ခဲ့ပါသည်။ Methodology အနေဖြင့် Qualitative ကို FGDs တွင် အသုံးပြုခဲ့ပြီး Quantitative method ကို survey တွင် အသုံးပြုခဲ့ပါသည်။ Survey နှင့် FGD interview များအတွက် မေးခွန်းများ ပြင်ဆင်ရာတွင် အခြား UNs Agencies များ၊ CSO များ၊ လူငယ်အဖွဲ့အစည်းများ နှင့်လည်းပူးပေါင်း ဆွေးနွေးခဲ့ပြီး အကြံဉာဏ်များ ရယူခဲ့ပါသည်။ MYS စစ်တမ်းမှ ရရှိလာသော အချက်အလက်များကို အပိုင်းကြီးလေးပိုင်းခွဲပြီး စုစုပေါင်း Report လေးစောင်ခွဲ၍ထုတ်ပြန်မည်ဖြစ်ပါသည်။ ထုတ်ပြန်သွားမည့် Report လေးစောင်၏ ခေါင်းစဉ်များမှာ -

1) A Generation on Hold: The State of Youth Employment and Education in Myanmar
2) A Generation in Uncertainty: Youth Safety and Well-Being in Myanmar
3) A Generation on Rising: Climate and Environmental Awareness and Action

4) A Generation on the Move: Youth Migration and Perceptions in Myanmar

တို့ပဲ ဖြစ်ပါသည်။

A Generation on Hold သည် လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရေးကို လေ့လာခြင်းဖြစ်ပါသည်။ လူငယ်များသည် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲများကို ကြုံတွေ့နေရပြီး လူငယ် ၂၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့ ဖြစ်နေပါသည်။ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အဆိုးရွားဆုံးဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ အလုပ်လက်မဲ့အများစုမှာ အမျိုးသားများ (၁၆ ရာခိုင်နှုန်း) နှင့် နှိုင်းယှဉ်ပါက အမျိုးသမီးများတွင် ပိုတွေ့ရပြီး စုစုပေါင်းအမျိုးသမီးလူငယ်များ၏ ၃၄ ရာခိုင်နှုန်းဖြစ်ပါသည်။ ထူးခြားချက်မှာ အဆင့်မြင့်ပညာရေးပြီးသူများသည် လစဉ်ဝင်ငွေမှာ များနေသော်လည်း ပညာအရည်အချင်း နည်းသူများထက် အလုပ်အကိုင်အခွင့်လမ်းတွင် လျော့နည်းနေသည်ကို တွေ့ရပါသည်။ အပြင်ထွက်အလုပ်မလုပ်ရသော အဓိက အကြောင်းအရင်းများမှာ မိသားစုကို စောင့်ရှောက်နေရခြင်း (၅၄ ရာခိုင်နှုန်း)၊ လုံခြုံရေး ပြဿနာများ (ကယား ၄၆ ရာခိုင်နှုန်း၊ ရခိုင် ၂၀ ရာခိုင်နှုန်း၊ ချင်း ၁၉ ရာခိုင်နှုန်း)၊ လူငယ်အမျိုးသမီးများအား သူတို့၏ ခင်ပွန်းများမှ တားမြစ်ခြင်း (၂၀ ရာခိုင်နှုန်း) ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန်အတွက် လူငယ်များအနေဖြင့် vocational training အခွင့်အလမ်းများ ပိုမိုလိုချင်ကြောင်း တွေ့ရှိရပါသည်။ Vocational training ရယူလိုသူသော ကျေးလက်နေလူငယ်များ၏ ရာခိုင်နှုန်းမှာ မြို့ပြနေလူငယ်များ၏ ရာခိုင်နှုန်းထက် ပိုများကာ အထက်တန်းအောင်ပြီး နှင့် ဘွဲ့ရလူငယ်များမှာမူ ဘာသာစကား နှင့် လူမှုဆက်ဆံရေးဆိုင်ရာ အရည်အချင်းတို့ကို မြှင့်တင်ပေးမည့် သင်တန်းများကို ပိုမိုရရှိလိုကြပါသည်။

A Generation in Uncertainty သည် လူငယ်များ၏ လုံခြုံရေးနှင့် စိတ်ပိုင်းဆိုင်ရာ အခြေအနေကို လေ့လာခြင်းဖြစ်ပါသည်။ လူငယ် ၄၀ ရာခိုင်နှုန်းသည် ညပိုင်းလမ်းလျှောက်ခြင်းကို ပိုမို စိုးရိမ်ကြောက်ရွံ့နေသည်ကို တွေ့ရှိရပြီး ထိုသို့ပြောသောသူဦးရေနှုန်းမှာ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ လူငယ်များအကြားတွင် ပိုမိုများပြားသည်ကို တွေ့ရပါသည်။ မသန်စွမ်းလူငယ်များနှင့် အလုပ်လက်မဲ့လူငယ်များသည် လုံခြုံရေးဆိုင်ရာ စိတ်ဖိစီးမှုများ ပိုမိုခံစားရကြောင်း တွေ့ရှိရပါသည်။ ပြစ်မှုဆိုင်ရာ တွေ့ကြုံမှုများမှာ ၂၀၂၃ တွင် ၃ ရာခိုင်နှုန်းပဲရှိရာက ၂၀၂၄ တွင် ၅ ရာခိုင်နှုန်းထိ တက်လာကြောင်းတွေ့ရှိရပါသည်။ ၂၀ ရာခိုင်နှုန်းသော လူငယ်များသာ ပြစ်မှုဆိုင်ရာ ကြုံတွေ့မှုများကို တိုင်ကြားလိုကြပါသည်။

A Generation on Rising မှာမူ လက်ရှိဖြစ်ပွားလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများအကြားတွင် လူငယ်များသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲမှုများအား မည်မျှအလေးထားသိရှိကြသည် နှင့် စိုးရိမ်ပူပန်လျက်ရှိကြသည်ကိုလေ့လာထားခြင်း ဖြစ်ပါသည်။ ၅၀ ရာခိုင်နှုန်း နီးပါးသော လူငယ်များသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုများကို သတိပြုမိကြပြီး အများစုမှာ ရေကြီးရေလျှံခြင်း၊ အပူလှိုင်းဖြတ်ခြင်းနှင့် ရေရှားပါးခြင်းကို ပိုပြီး သတိပြုမိကြပါသည်။ ၃၀ ရာခိုင်နှုန်းသော လူငယ်များမှာ သဘာဝပတ်ဝန်းကျင် ဆိုးရွားလာမှုကို စိုးရိမ်ကြပြီး ထိုသို့ဖြေဆိုသူလူငယ် အများဆုံးရှိသော ပြည်နယ်များမှာ ကချင်နှင့် ချင်း ပြည်နယ်များ ဖြစ်ပါသည်။ အမျိုးသမီးလူငယ်များသည် (၃၂ ရာခိုင်နှုန်း) အမျိုးသားလူငယ်များထက် (၂၉ ရာခိုင်နှုန်း) သဘာဝပတ်ဝန်းကျင် ဖောက်ပြန်မှုကို ပိုမို စိုးရိမ်ကြပါသည်။ ၃၆ ရာခိုင်နှုန်းသော လူငယ်များအနေဖြင့် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ဖောက်ပြန်မှုသည် အနာဂတ်တွင် ပိုမိုဆိုးရွားလာမည်ဟု ထင်မြင်သုံးသပ်ကြပါသည်။

A Generation on the Move သည် ရွှေ့ပြောင်းသွားလာခြင်းကို လေ့လာသုံးသပ်ထားပြီး ၂၀၂၅ ဩဂုတ်လ ၁၂ ရက်နေ့ International Youth Day တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်း နေထိုင်နေသူ လူငယ်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းသည် အခွင့်အရေး ပေးပါက နိုင်ငံခြားသို့ ထွက်သွားလိုပါသည်။ မြန်မာနိုင်ငံတွင်း စီးပွားရေး နှင့် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုကြောင့် ထွက်သွားလိုသူ လူငယ်ဦးရေမှာ အများဆုံး (၇၅ ရာခိုင်နှုန်း) ဖြစ်ပြီး ပဋိပက္ခများ၊ အခြေခံအခွင့်အရေး လစ်ဟာမှုများ၊ ပညာရေးအခွင့်အလမ်း နည်းပါးမှုများ၊ စစ်မှုထမ်းဥပဒေများအပြင် အခြားသောအကြောင်းအရာများကြောင့် ပြည်ပသို့ ထွက်ခွာသွားလိုသူများကို တွေ့ရှိရပါသည်။ အများစုမှာ ဂျပန်သို့ လိုပါသော်လည်း လက်တွေ့တွင်မူ လူငယ်အများဆုံး ပြောင်းရွှေ့သွားသော နိုင်ငံမှာ ထိုင်းနိုင်ငံ ဖြစ်နေပါသည်။ နိုင်ငံခြားသို့ ထွက်သွားလိုသူများထဲမှ ၅၃ ရာခိုင်နှုန်းသည် အဆင့်မြင့်ပညာပြီးထားသော လူငယ်များ ဖြစ်ပါသည်။ နိုင်ငံခြားသို့ ထွက်သွားလိုသော လူငယ်များ၏ ၅၀ ရာခိုင်နှုန်းသည် ခရီးသွားစာရွက်စာတမ်းများ မရှိကြောင်း တွေ့ရှိရပါသည်။ ထိုအခြေအနေသည် တရားမဝင်ရွှေ့ပြောင်းမှုကို ပိုမိုဖြစ်ပေါ်စေနိုင်နေပြီး ရွှေ့ပြောင်းလူငယ်များ၏ လုံခြုံရေးကို ခြိမ်းခြောက်နိုင်ပါသည်။ နိုင်ငံတွင်း အခြေအနေများ ပြန်လည်ကောင်းမွန်လာပါက နိုင်ငံခြားသို့ထွက်သွားလိုသော လူငယ်များ၏ ၉၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံသို့ ပြန်လာမည်ဟု ပြောကြားပါသည်။ လူငယ်များသည် နောင် ၅ နှစ်အတွင်း ဖြစ်လာမည့် မြန်မာလူငယ်များ၏ အခြေအနေနဲ့ပတ်သတ်ပြီး အကောင်းမြင်ကြကာ အမျိုးသမီးငယ်များသည် ပိုအကောင်းမြင်ကြပါသည်။ ၆၈ ရာခိုင်နှုန်းသော လူငယ်များသည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောင်နိုင်မည်ဟု ယုံကြည်ကြပါသည်။ စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ မြန်မာပြည်တွင်ရှိနေသော လူငယ်များသည် နိုင်ငံငြိမ်းချမ်းပြီး တိုးတက်လာမည်ဟု ပိုမိုယုံကြည်ကြောင်းသိရှိရပါသည်။ လူငယ်အများစုသည် မြန်မာနိုင်ငံအား ဒီမိုကရေစီ တိုးတက်လာစေခြင်းနှင့်အတူ လူမှုစီးပွားရေးကိုပါ တိုးတက်လာစေရန် မျှော်လင့်နေကြပါသည်။ ဆက်လက်ပြီး တက်ရောက်လာသူများထံမှ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ပါသည်။

ထုတ်ဝေခဲ့ပြီးဖြစ်သော A Generation on the Move report အား ဤ link တွင် ဝင်ရောက်ဖတ်ရှုနိုင်မည် ဖြစ်ပါသည်။ ကျန်ရှိနေသော report သုံးစောင် (A Generation in Uncertainty၊ A Generation on Hold နှင့် A Generation Rising) ကိုမူ လာမည့်ရက်သတ္တပတ်များတွင် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။ ထို report သုံးစောင်အား လက်ခံရယူနိုင်ရန် ဖော်ပြပါ QR code တွင် form ဝင်ရောက် ဖြည့်စွက်ထားနိုင်ပါသည်။

Scan to Subscribe

to the Youth Series Reports

## ၂။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**UN-Habitat** ॥ ॥ Myanmar Climate Action Week (15-20 September 2025) အား တက်ရောက်ရန် IMN member များအား ဖိတ်ကြားခဲ့ပါသည်။ Local Climate Action Planning ကို ၈ မြို့နယ်တွင် ပြုလုပ်ခဲ့ပြီး အစီရင်ခံစာ

စာအုပ်များကို လည်း website မှ တဆင့် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ ၂ မျိုးဖြင့် လေ့လာဖတ်ရှုနိုင်ပါသည်။ (https://unhabitatmyanmar.org/publications/6838/)

ရာသီဥတုပြောင်းလဲမှုအား မည်သို့ရင်ဆိုင် ဖြေရှင်းမည်ကို အထောက်အကူပြုသော Ecosystem-based Adaptation (EbA) Training ကို website မှ တဆင့် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ ၂ မျိုးဖြင့် လေ့လာနိုင်ပါသည်။ သင်တန်းတက်ရောက်ပြီးပါက certificate ပေးအပ်ပါသည်။

Myanmar Version: https://learn.unhabitat.org/course/view.php?id=134

English Version: https://learn.unhabitat.org/enrol/index.php?id=42

**MIMU** ။ ။ MIMU HDP Nexus 5W updates ကောက်နေပြီး Product updates ကို အောက်တိုလထဲတွင် ပြုလုပ်မည် ဖြစ်ပါသည်။ အခုအပါတ် အချက်အလက် ကောက်ယူမှုတွင် ယခင်ကောက်ယူမှုထက် ပိုမိုဖြည့်စွက်ထားသည်မှာ sub sector ၁၂ ခုပါဝင်သော Early Recovery တစ်ခုထပ်တိုးထားခြင်း၊ စီမံကိန်းများသည် မတ်လက ဖြစ်ပွားခဲ့သော ငလျင်နှင့် သက်ဆိုင်ခြင်းရှိ/မရှိ၊ အဖွဲ့အမည်အစား အဖွဲ့ကုဒ်ဖြင့်သာ အချက်အလက်ကောက်ယူခြင်းတို့ ဖြစ်ကြောင်း မအိအိသိန်းမှ ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး MIMU သင်တန်းများအနေဖြင့် Basic Mapping သင်တန်းနှင့် Power BI သင်တန်းကို စက်တင်ဘာလတွင်လည်းကောင်း၊ Data Visualisation and Communication သင်တန်းကို အောက်တိုဘာလတွင် လည်းကောင်း ပြုလုပ်သွားမည် ဖြစ်ပါကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

## ၃။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း နိုဝင်ဘာလ နောက်ဆုံးအပတ် ၂၆ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။